


## ရထား

ဘူတာစဉ်ကိုသွားနေတဲ့ ရထားတစ်စင်းနဲ့ ဘူတာရုံ အိုကြီးတစ်ခု အခန့်မသင့်တာနဲ့ ရန်ဖြစ်ပိကြပါတယ်။

ရထား 'သံလမ်းရှည်သရွေ့ သွားလို့ရတယ်။ ခင်ဗျား ကျွတ်ကို ဘာမှတ်နေလဲ'

စကားလည်းဆုံးရော ရှူးရှူးရှဲရှဲနဲ့ ဆက်လက်ထွက်ခွာသွားပါလေရော။

ဘူတာရုံအိုကြီးက တစ်ခွန်းပဲ ပြောပါတယ်။

ရထားကလေး ကြားမကြားတော့ မသိပါဘူး။

'မင်းအလျင်က ရထားအိုကြီးတွေတောင်မှ ဒီသံလမ်းကို လျှောက်ရင် ငါ့ဆီမှာ ရပ်တန့်ရတာပါပဲ'

တဲ့။

■